ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ပေကျင်းမြို့
No.6 Dong Zhi Men Wai Street, Chao Yang District
Beijing 100600, People's Republic of China
Tel:0086 10 6532 0351, 6532 0412
Fax: 0086 10 65320408

# Fast Track နည်းလမ်းဖြင့် ဗီဇာလျှောက်ထား၍ မြန်မာနိုင်ငံသို့ ဝင်ရောက်လိုသူများနှင့်စပ်လျဉ်း၍ အသိပေးအကြောင်းကြားခြင်း

၁။ မြန်မာ – တရုတ် နှစ်နိုင်ငံအကြား လုပ်ငန်းနှင့် ကုန်ထုတ်လုပ်မှု၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ၊ စီမံကိန်းလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန်နှင့် နှစ်နိုင်ငံအကြား ဆက်သွယ်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ အဆင်ပြေချောမွေ့စေရေး Fast Track နည်းလမ်း ထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာသံရုံးအနေဖြင့် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ တင်ပြခွင့်ပြုချက်ရရှိခဲ့ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ၇-၇-၂၀၂၀ ရက်စွဲပါ ကြေညာချက်ဖြင့် အသိပေးအကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံအတွင်းရှိ စီမံကိန်းလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ဌာနဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးတို့အတွက် မြန်မာနိုင်ငံသို့ အရေးတကြီးသွားရောက်ရန်ရှိသည့် တရုတ်နိုင်ငံသားများအနေဖြင့် Fast Track နည်းလမ်းဖြင့် ဗီဇာလျှောက်ထားကာ မြန်မာနိုင်ငံသို့ ဝင်ရောက်ခွင့်ရရှိရေးအတွက် အောက်ပါအချက်အလက်များအား မြန်မာသံရုံး၏ e-mail လိပ်စာ info@myanmarembassy.com သို့ဖြစ်စေ၊ ပေကျင်းမြို့၊ မြန်မာသံရုံးသို့ လူကိုယ်တိုင် (သို့မဟုတ်) ကိုယ်စားလှယ်စေလွှတ်၍ဖြစ်စေ ပေးပို့ဆောင်ရွက်သွားနိုင်ပါသည် –

(က) Fast Track နည်းလမ်းဖြင့် ဝင်ရောက်ရန်လိုအပ်သည့် အကြောင်းကိစ္စရပ်ကို တိကျစွာဖော်ပြထားသည့် တရုတ်နိုင်ငံရှိ ကုမ္ပဏီ၏ လျှောက်ထားစာ၊ ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကုမ္ပဏီဆိုင်ရာအချက်အလက်များ (ဆက်သွယ်ရန် တယ်လီဖုန်းအမှတ်များနှင့် e-mail လိပ်စာများ အပါအဝင်)

(ခ) စီမံကိန်းနှင့် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံရှိ အစိုးရဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ မြန်မာဘက်ရှိကုမ္ပဏီများ၏ အချက်အလက်များ၊ မည်သည့်စီမံကိန်းလုပ်ကိုင်နေကြောင်း ဖော်ပြရန် (ဆက်သွယ်ရန် တယ်လီဖုန်းအမှတ်များနှင့် e-mail လိပ်စာများ အပါအဝင်)

(ဂ) ပေကျင်းမြို့၊ မြန်မာသံရုံး၏ လုပ်ငန်းပြည်ဝင်ဗီဇာလျှောက်လွှာ (ကိုယ်ရေးအချက်အလက်များကို ပြည့်စုံစွာဖြည့်သွင်း၍) နှင့်အတူ လုပ်ငန်းပြည်ဝင်ဗီဇာလျှောက်ထားရာတွင် ပူးတွဲတင်ပြရမည့် အချက်အလက်များ၊ ( ပြည်ဝင်ဗီဇာလျှောက်လွှာနှင့် လုပ်ငန်းပြည်ဝင်ဗီဇာ

လျှောက်ထားရာတွင် လိုအပ်သည့်အချက်အလက်များအား ပေကျင်းမြို့ မြန်မာသံရုံး၏ Website လိပ်စာ www.myanmarembassybeijing.com တွင် download ရယူ ကြည့်ရှုနိုင်ပါသည်။)

၃။ Fast Track နည်းလမ်းဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်ခွင့်ရရှိမှုအခြေအနေကို မြန်မာသံရုံးမှ သင့်လျော်သည့်နည်းလမ်းဖြင့် အကြောင်းကြားသွားမည်ဖြစ်ပြီး ပြည်ဝင်ဗီဇာလာရောက်ထုတ်ယူသည့်နေ့တွင် မြန်မာနိုင်ငံသို့ ဝင်ရောက်မည့်နေ့ရက်နှင့် လေယာဉ်ခရီးစဉ်အစီအစဉ်တို့ကို တင်ပြရမည်ဖြစ်ပါသည်။ မြန်မာသံရုံးအနေဖြင့် Fast Track ဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်မည်ဖြစ်ကြောင်း မြန်မာဘက်သို့ ကြိုတင်အကြောင်းကြားထားမည်ဖြစ်ပြီး မြန်မာဘက်မှ သတ်မှတ်ထားသည့် ဟိုတယ်တွင် တည်းခိုကာ ဆေးစစ်မှုခံယူရမည်ဖြစ်ပါသည်။

၄။ Fast Track နည်းလမ်းဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်ခွင့်ရရှိ၍ ပြည်ဝင်ဗီဇာထုတ်ယူရရှိသူများအနေဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်ခြင်းမပြုမီနှင့် ဝင်ရောက်ပြီးပါက အောက်ပါအချက်များကို မဖြစ်မနေ လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည် –

(က) သက်ဆိုင်ရာနိုင်ငံမှ လေယာဉ်ပေါ်သို့ မတက်ရောက်မီ (၃၆) နာရီအတွင်း စစ်ဆေးထားသော Laboratory Evidence of Absence of COVID–19 Infection (Real – Time RT–PCR Nasal Swab Result) ပါရှိရမည် ဖြစ်ပါသည်။

(ခ) မြန်မာနိုင်ငံသို့ ရောက်ရှိချိန်တွင် သတ်မှတ်ထားသော Hotel Quarantine ၌ နေထိုင်၍ နောက် (၁) ရက်တွင် နှာခေါင်းတို့ဖတ် (Nasal Swab) ယူ စစ်ဆေးခံယူရမည်ဖြစ်ပြီး စစ်ဆေးပြီးနောက် (၅) ရက်အကြာတွင် ဒုတိယအကြိမ် နှာခေါင်းတို့ဖတ် (Nasal Swab) ယူ ထပ်မံစစ်ဆေးခံရမည်ဖြစ်ပါသည်။

(ဂ) စစ်ဆေးချက်အရ PCR Result Negative ဖြစ်မှသာ လုပ်ငန်းခွင်သို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ပြီး ကျန်းမာရေးစစ်ဆေးမှု ကုန်ကျစရိတ်အား သက်ဆိုင်ရာပုဂ္ဂိုလ်မှ ကျခံရမည် ဖြစ်ပါသည်။ (ဆေးစစ်ခသည် ခန့်မှန်းအားဖြင့် တစ်ကြိမ်လျှင် မြန်မာငွေ ကျပ်(၂၀၀,၀၀၀)/ အမေရိကန် ဒေါ်လာ (၁၄၀) ခန့် ကုန်ကျမည်ဖြစ်ပါသည်။)

မြန်မာသံရုံး၊ ပေကျင်းမြို့

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၃ ရက်